## မှတ်သားဘွယ်

ကိုရင်များ....ပဏ္ဍိတသာမဏေရဲ့ ဝတ္ထုကြောင်းကို ဖတ်ပြီးတဲ့အခါ ကိုရင်တို့အတွက် "ဘာတွေ မှတ်စရာ ပါသလဲ" လို့ စဉ်းစားကြစမ်းပါ။

၁။ မဟာဒုဂ်ဘဝတုန်းက ငါးကြင်းသားဟင်းနဲ့ ဆွမ်းကပ်ခဲ့လို့ ဒီဘဝမှာ နေရာတိုင်း၌ ငါးကြင်းသားဟင်း အကျိုးပေးတယ် မဟုတ်လား။

၂။ ရှေးက ကုသိုလ်ကံပါလာလို့ သူဌေးမျိုးမှာဖြစ်ပြီး ဉာဏ်ပညာနှင့် စဉ်းစားဉာဏ်လဲ အရာရာမှာ ထက်တယ်။

၃။ ရှေးဘုန်းရှေးကံ ပါလို့ တရားအားထုတ်တဲ့ နေရာမှာတောင် နတ်သိကြားတို့သာမက ဘုရားရှင်၏ စောင့်ရှောက်တော်မူခြင်းကို ခံရတယ်။

၄။ ဒါလောက် အဆင့်အတန်းမြင့်တဲ့ ကိုရင်ပဏ္ဍိတ ရှင်ပြုတုန်းက (ယခုကာလလို) မဏ္ဍပ်ကြီးလဲ မထိုးခဲ့ရ၊ ဘိသိက်လဲ မခံခဲ့ရ၊ ဒါပေမဲ့ ၇-နှစ်သားအရွယ် ငယ်ငယ်ကလေးနဲ့ ရဟန္တာဖြစ်ရတယ်။

၅။ ကိုရင် ပဏ္ဍိတကို အားကျပြီးတော့ ကိုရင်တို့လဲ ကုသိုလ်များများ ပြုကြပါ၊ ကိုရင်များနှင့် ထိုက်တန်သော ကမ္မဋ္ဌာန်း တမျိုးမျိုးကို နေ့စဉ် ကြိုးစားကြပါ။

ရှင်သာမဏေကလေးများဝတ္ထု ပြီး၏။